ပြည်တွင်း အခြေခံအဆောက်အအုံပိုင်း ဆိုင်ရာဈေးကွက်အား နိုင်ငံတကာစိတ်ဝင်စားမှု မြင့်တက်လာဟုဆို

သတင်း‌ရင်းမြစ် > ထင်လင်းအောင်
သောကြာနေ့၊ အောက်တိုဘာလ ၁၁ ရက် ၂၀၁၃ ခုနှစ် ၁၀ နာရီ ၃၄ မိနစ်

မြန်မာ့စက်မှု လုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်နေသော အခြေခံအဆောက်အုံပိုင်းဆိုင်ရာ ကဏ္ဍများတွင် သုံးရန်အတွက် နည်းပညာနှင့် စက်ပစ္စည်းဆိုင်ရာ မြန်မာပြည်ဈေးကွက်အား နိုင်ငံတကာ မှ စိတ်ဝင်စားမှု တစ်ဟုန် ထိုးမြင့်တက်လာကြောင်း စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဆိုသည်။

ဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအင်နှင့် စွမ်းအင်ထုတ်လုပ်နိုင်သောဓာတ်သတ္တုတူးဖော်ရေးကဏ္ဍသုံးခု၏ လုပ်ငန်းများ လုပ်ကိုင်နိုင်သော စက်ပစ္စည်းများနှင့်နည်းပညာသစ်ထုတ်ကုန်များကို မြန်မာနိုင်ငံတွင် ယခု လကုန်ပိုင်း၌ ပြပွဲ ကျင်းပရန် ထိုင်းနိုင်ငံ Bangkok Exhibition Services(BES) ကုမ္ပဏီမှ စီစဉ်နေလျက် ရှိသည်။

ယင်းအပြင် မြန်မာ့ရေနံနှင့် ဓာတ်ငွေ့ပြပွဲတစ်ခုအား ၂၀၁၄ ခုနှစ်တွင် ကျင်းပရန် ITE Group မှ စီစဉ်နေမှုများအပေါ် ဦးဇော်မင်းဝင်းက ထောက်ပြပြောဆိုသည်။

ပြည်တွင်း လုပ်ငန်းရှင်များသည် အာဆီယံစီးပွားရေးအသိုက်အဝန်း AEC နှင့် အာဆီယံဒေသတွင်း လွတ်လပ်စွာ ကုန်သွယ်မှုများ AFTA တွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် ယှဉ်ပြိုင်နိုင်ရန်မှာ အခြေခံ အဆောက်အအုံပိုင်း ကဏ္ဍဖွံ့ဖြိုးရေး လိုအပ်နေခြင်းဖြစ်ရာ ယင်းပြပွဲများက အထောက်အကူဖြစ်နိုင်မည် ဟုဆိုသည်။

ထိုသို့ အခြေခံအဆောက်အအုံကဏ္ဍလိုအပ်ချက်များ ဖြည့်ဆည်းရန် စက်ယန္တရားနှင့် နည်းပညာများ ဖြည့်ဆည်း လိုအပ်နေရာ မြန်မာပြည်ဈေးကွက်မှာ နိုင်ငံတကာ၏ စိတ်ဝင်စားမှု အဓိကရရှိနေခြင်းဖြစ်ကြောင်း ဆိုသည်။

ဦးဇော်မင်းဝင်းက" AFTA နဲ့ AEC တို့အတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေကို ပြည်တွင်း လုပ်ငန်းရှင် တွေယှဉ်ဖို့ ဆိုတာ အရည်သွေးမီတဲ့ ထုတ်ကုန်တွေဖြစ်ဖို့ အခြေခံအဆောက်အအုံနဲ့ နည်းပညာတွေလိုတယ်။ ဒါတွေ လုပ်ဖို့ဆို တာက ခေတ်မီစက်ယန္တရားတွေနဲ့ အဆောက်အအုံနည်းပညာတွေလိုတယ်။ အဲ တော့နိုင်ငံတကာကလည်း သူတို့ ဆီက စက်ယန္တရားတွေနဲ့ နည်းပညာတွေရယူမယ့် မြန်မာပြည် ဈေးကွက် ကို စိတ်ဝင်စားမှု အရမ်းများလာ တာပါ" ဟုပြောသည်။

ယင်းဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအင်နှင့် ဓာတ်သတ္တုတူးဖော်ရေးကဏ္ဍသုံးခုအတွက် တစ်ခုတည်းသော ပြပွဲအား ဂျာမဏီ၊ ကိုရီးယားနှင့် စင်ကာပူ နိုင်ငံများမှ ကုမ္ပဏီကြီးများမှ ပြခန်းပေါင်း ၁၀၀ ကျော်ဖြင့် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ မြန်မာကော်ဗင်းရှင်းစင်တာ (MCC) တွင် ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပြပွဲသည် နိုင်ငံတကာမှ ဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအင်နှင့် ဓာတ်သတ္တုတူးဖော်ရေးကဏ္ဍများ၏ လုပ်ငန်းကျွမ်းကျင်သူများပါ လာရောက်မည်ဖြစ်ရာ ယင်းကဏ္ဍများအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို လည်း ဖြစ်လာစေနိုင်ကြောင်း ပြပွဲစီစဉ်သူ Bangkok Exhibition Services(BES) မှ အထွေထွေ မန်နေဂျာ မစ္စတာဂျပ်စတင်းပေါက ပြောသည်။

ယင်းက"မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ စီးပွားရေးအခြေအနေနဲ့ ပြည်တွင်းဈေးကွက်ကို လေ့လာဖို့ နိုင်ငံတကာကုမ္ပဏီက စိတ်ဝင်စားမှုများနေပါတယ်။ အခုလို ပြပွဲက ဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအင်နှင့် ဓာတ်သတ္တုတူးဖော်ရေးကဏ္ဍတွေရဲ့ လုပ်ငန်းကျွမ်းကျင်သူတွေလာပြီး ဒေသခံလုပ်ငန်းရှင်တွေနဲ့ ဆွေးနွေးမှု ရမှာဖြစ်တော့ ရင်းနှီးမြှုပ်နှံမှုပိုင်းကိုပါ အခွင့်အလမ်းရှိလာနိုင်ပါတယ်"ဟုပြောသည်။

ယင်းအပြင် မြန်မာ့ရေနံနှင့်ဓာတ်ငွေ့ဆိုင်ရာ ကုမ္ပဏီများ၊ ဝန်ဆောင်မှုများ၊ တူးဖော်ထုတ်လုပ် သန့်စင်ခြင်းများ အတွက် ကိရိယာပစ္စည်းများ၊ လုပ်ငန်းလုပ်ကိုင်မည့် နည်းစနစ်များအတွက် Myanmar Oil & Gas Exhibition

ပြပွဲကိုလည်း ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၇ ရက်အထိ လေးရက်ကြာဆောင်ရွက်ရန် ITE Group က စီစဉ်နေလျက်ရှိသည်။

မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးမှုများ လုပ်ကိုင်ရန်အတွက် လျှပ်စစ်မီးနှင့် လမ်းတံတား အခြေခံ အဆောက်အအုံ များ အားနည်းချက်သည် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ယှဉ်ပြိုင်နိုင်ရန် အဓိက အားနည်းချက်ဖြစ်ကြောင်း လုပ်ငန်းရှင်များက မကြာခဏ ပြောဆိုနေသည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post
by
Mizzima - News in Burmese
.